
ဇေယန
(ရာမည)
အောင်မြတ်သာ နှင့်
မီးတောက်ဘာပြုံး

# အောင်မြတ်သာနှင့် မီးတောက်ဘပြုံး

အောင်မြတ်သာတို့ ဆရာတပည့်တွေ ခုနစ်ရက် သားသမီးတွေကို ဒုက္ခပေးနေတဲ့ ပညာရှင်တွေကို နယ်တကာလှည့်ပြီး ကူညီလာခဲ့တာ အခုဆို သစ်ပုတ်ပင်ဆိုတဲ့ ရွာလေးမှာ ခေတ္တခဏ နားနေတဲ့ အချိန်...

"မင်းဆွေ မင်းလယ်တွေ ဒီနှစ်အထွက် မကောင်းဘူးဆို"

"ဟုတ်တယ်ကွာ ဒီနှစ်မှ ဘယ်လိုဖြစ်လဲ မသိပါဘူး အရင်းတောင်ကျေပ့ါမလား ဆိုတာ စိတ်ပူနေတာ"

"မင်းဒီနှစ် ထွန်ချတဲ့ အချိန် ဘပြုံးကို မပူဇော်ခဲ့ဘူးလို့ ငါကြားတယ် အဲဒါဟုတ်လား"

"အေးလေကွာ အရင်နှစ်တွေတည်းက ငါ့လုပ်အားနဲ့ ငါကြိုးစားလာခဲ့တာ အခုကျမှ ဆေးဆရာလိုလို နတ်ဆရာလိုလို လူရဲ့ စကားကိုငါကလိုက်လုပ်ရမှာ လား"

"မင်းနဲ့ တော့ခက်ပြီ အခုဆို တစ်ရွာလုံးက ဘပြုံးကို ပူဇော်ပသ နေကြရတာ မင်းလယ်ဒီနှစ် အထွက်မကောင်းတာ ဘပြုံးကို မဇော်လို့ ဆိုပြီး ရွာထဲကလူတွေ ပြောနေကြလို့ ငါက မေးကြည့်တာပါ"

"ငါကတော့ အယုံအကြည် မရှိဘူး ဘုရား တရား သံဃာနဲ့ သူတို့ ရဲ့ လမ်းစဉ်ကို လိုက်နေတဲ့ သူကိုပဲ ငါကယုံကြည်တာ အခုမင်းပြောတဲ့ ဘပြုံးဆိုတဲ့ သူကို မင်းရော မြင်ဖူးလို့ လား သူ့အကြောင်း သတင်းဖွနေတဲ့

ဆေးဆရာ ဓာတ်ဆရာလိုလို ကောင်ရဲ့ စကားကိုပဲ တစ်ရွာလုံးက ယုံကြ ည်နေကြတာ ငါဘာဖြစ်ဖြစ်ကွာ အဲဒီလူအကြောင်း ငါ့ကိုမပြောနဲ့ "

မင်းဆွေရဲ့ မာထန်တဲ့ စကားသံကြောင့် တင်လှ ငြိမ်သွားတယ်။

"အေးပါကွာ မင်း မကြိုက်ဘူးဆိုလည်း ငါမပြောတော့ဘူး ငါ့လယ်ဘက် ခဏသွားဦးမယ်။ မင်းလည်း နေရိပ်ရင် လယ်ထဲဆင်းဦး စိတ်ဓာတ်ကျပြီး ထိုင်မနေနဲ့ "

"အေးပါ မင်းအရင်သွားလိုက် ငါခဏနေ လိုက်လာမယ်"

ရွာအပြင် လယ်ကွင်းစပ်မှာ ပေါက်နေတဲ့ ကုက္ကိုလ်ပင်အောက်မှာ စကားပြောနေကြတဲ့ လယ်သမား နှစ်ယောက်ရဲ့ အသံကိုကြားတော့ သက်ခိုင်က ...

"ဆရာ ဘပြုံးဆိုတဲ့ သူက ဘယ်လိုတွေများ အစွမ်းထက် နေလဲတော့ မသိဘူး။ သူ့ကို လူတော်တော်များများ ကိုးကွယ်နေကြသလိုပဲ"

သက်ခိုင်စကားကြောင့် အောင်မြတ်သာက လယ်ကွင်းပြင်တွေဘက်ကို ကြည့်ပြီး...

"ငါလည်း သူ့ကို ရှာနေတာ အခုထွက်လာတဲ့ ရွာမှာ ဖြစ်တဲ့ ပြဿနာကလည်း သူပဲလုပ်ထားတာ အခုသူ့အကြောင်း တစ်စွန်းတစ်စ ကြားရပြီဆိုတော့ သူရှိတဲ့ နေရာ လိုက်ကြရုံပေါ့"

"ဒါဆို ခုနက ပြောတဲ့ လယ်သမားဆီ သွားမေးကြည့်ရင် မကောင်းဘူးလား"

"သူ့ဆီမေးရင်တော့ အနည်းငယ် သိလောက်မယ် ထင်တယ် မင်းသွားမေးကြည့် ငါကအခြေအနေကို စောင့်ကြည့်ဦးမယ်"

အောင်မြတ်သာရဲ့ အခွင့်ရသည် မို့ သက်ခိုင်လည်း ကုက္ကိုလ်ပင်အောက်မှာ ထိုင်နေတဲ့ လယ်သမားဆီကို ထွက်ခဲ့လိုက်တယ်။

"ကျွန်တော် ခဏထိုင်မယ်နော်"

သက်ခိုင်ရဲ့ စကားကို ကြားတော့ ခမောက်ကို ယပ်တောင်သဖွယ် ယပ်ခတ်နေတဲ့ လူက...

"ရပါတယ် ထိုင်ပါ ဒီအပင်က ကျုပ်ပိုင်တဲ့ အပင်မှ မဟုတ်တာ"

စကားစမြည် ပြောကြည့်တော့ အဆင်ပြေနိုင်တဲ့ အခြေအနေမို့ သက်ခိုင်က စကားဦး သန်းလိုက်တယ်။

"မိတ်ဆွေခုနက ပြောနေတဲ့ စကားတွေကို နားစွန်နားဖျားတော့ ကြားလိုက်တယ် ဒီနှစ်လယ်တွေ အထွက်မတိုးတာ ဘပြုံးဆိုတဲ့ သူကို မပူဇော်လို့ ဆို"

သက်ခိုင်စကားကြောင့် ခမောက်နဲ့ ယပ်ခတ်နေတဲ့ သူက ဘုကြည့်ကြည့်လိုက်ပြီး ...